Religions for Peace

公益財団法人
世界宗教者平和会議日本委員会
Religions for Peace

# ***စစ်ပွဲထက် ကျော်လွန်၍ ပြန်လည်ရင်ကြားစေ့ရေးသို့- ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး စကားဝိုင်းများ***

## တတိယအကြိမ် တိုကျို ငြိမ်းချမ်းရေး စကားဝိုင်း

ဇူလိုင်လ 1-3 ရက် 2025 ခုနှစ်
ဂျပန်နိုင်ငံ၊ တိုကျိုမြို့

**<u>ထုတ်ပြန်ချက် /ရလဒ်ဆိုင်ရာ စာတမ်း</u>**

ငြိမ်းချမ်းရေး *သည်* ဖြစ်နိုင်ပါသည်။ အိန္ဒိယ၊ အစ္စရေး၊ ဂျပန်၊ ကင်ညာ၊ မြန်မာ၊ ပါလက်စတိုင်း၊ ရုရှား၊ စပိန်၊ တူရကီ၊ ယူကရိန်း၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ နှင့် အမေရိကန်ပြည်ထောင်စုတို့မှ၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာ၊ ဂျူးဘာသာနှင့် ရှင်တိုဘာသာ အပါအဝင် မတူကွဲပြားသော ဘာသာတရားများ၏ ကိုယ်စားလှယ်များဖြစ်သည့်၊ ကျွန်ုပ်တို့ ဘာသာရေးခေါင်းဆောင်များသည်၊ လူကိုယ်တိုင်နှင့် အွန်လိုင်းအရ ပူးပေါင်းတက်ရောက်ကာ ***တတိယအကြိမ် တိုကျို ငြိမ်းချမ်းရေး စကားဝိုင်း*** တွင် တွေ့ဆုံခဲ့ကြပါသည်။

ကျွန်ုပ်တို့သည် မတူညီသော အခြေအနေများမှ လာခဲ့ကြပြီး၊ ကျွန်ုပ်တို့ အများစုမှာ လက်ရှိ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသော နယ်မြေများမှ ဖြစ်ကြသည်။ ကျွန်ုပ်တို့၏ မတူကွဲပြားသော ဘာသာတရားများနှင့် ယုံကြည်ကိုးကွယ်မှုများ၏ သန့်ရှင်းသော သွန်သင်ချက်များကို အခြေခံ၍၊ ငြိမ်းချမ်းရေးသည် ဖြစ်နိုင်သည်ဟူသော ဘုံယုံကြည်ချက်တစ်ခုဖြင့် ကျွန်ုပ်တို့ စုစည်းခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် ယုံကြည်မှုကို တည်ဆောက်ရန်၊ ခွင့်လွှတ်ခြင်း နှင့် ပြန်လည်သင့်မြတ်ရေးကို မြှင့်တင်ရန်နှင့်၊ ပူးပေါင်းဆောင်ရွက်သော တိုကျို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ပိုမိုတိုးတက်စေရန် စုဝေးခဲ့ကြပါသည်။

ယူကရိန်းနှင့် ရုရှား၊ အစ္စရေးနှင့် ပါလက်စတိုင်း၊ လက်ဘနွန်၊ ဆီးရီးယား၊ မြန်မာ၊ ဆူဒန်၊ ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဟေတီ နှင့် ကမ္ဘာတစ်ဝန်းရှိ အခြား ပဋိပက္ခဒေသများတွင် လူများ ခံစားနေရသော ဆင်းရဲဒုက္ခများအတွက် ကျွန်ုပ်တို့ အလွန်ဝမ်းနည်းရပြီး၊ ယင်းပဋိပက္ခများစွာသည် ကျွန်ုပ်တို့ နောက်ဆုံး တွေ့ဆုံခဲ့သည့် ဒုတိယအကြိမ် တိုကျို ငြိမ်းချမ်းရေး စကားဝိုင်းအတွက် ဆုံတွေ့ခဲ့ပြီးနောက် ပိုမိုတင်းမာပြင်းထန်လာခဲ့ပါသည်။

လက်နက်ကိုင် ပဋိပက္ခ၊ ရွှေ့ပြောင်းနေထိုင်ရခြင်း၊ စားနပ်ရိက္ခာ မလုံခြုံမှု၊ ရာသီဥတု အရေးပေါ် အခြေအနေများ၊ လိင်စိတ်ခံယူမှု-အခြေပြု အကြမ်းဖက်မှုနှင့်၊ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုတို့ဖြင့် တည်ရှိနေသော – ဤအရေးပေါ် အခြေအနေများ၏ အပြန်အလှန် ဆက်စပ်လွှမ်းမိုးမှုသည် – စနစ်တကျ ထိမ်းသိမ်းပေါင်းစည်း၍ ဘက်စုံပါဝင်သည့် ကမ္ဘာလုံးဆိုင်ရာ တုံ့ပြန်မှုကို လိုအပ်စေပါသည်။ တိုကျိုငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထောက်ခံသူများနှင့် အကောင်အထည်ဖော်သူများအနေဖြင့်၊ ကျွန်ုပ်တို့သည် ဤတုံ့ပြန်မှုတွင် တံတားထိုးသူများနှင့် ငြိမ်းချမ်းရေး ဖန်တီးသူများအဖြစ် ရပ်တည်ကာ၊ ပဋိပက္ခများကြောင့် ကွဲပြားနေသော လူထုများရှိ ကွဲပြားမှုများကို ကုစားရန်နှင့် ယုံကြည်မှု ပြန်လည်တည်ဆောက်ရန် လုပ်ဆောင်ပါသည်။

ပထမဆုံး တိုကျိုငြိမ်းချမ်းရေး စကားဝိုင်းနှစ်ခုတွင် ကျွန်ုပ်တို့ ပူးပေါင်းကြိုးပမ်းခဲ့သော စည်းလုံးညီညွတ်မှုအတွက် တစ်ဦးနှင့်တစ်ဦး ကျေးဇူးတင်ရှိကြပြီး၊ ယင်းစည်းလုံးညီညွတ်မှုသည် ဤသုံးရက်တာ ကာလအတွင်း ပိုမိုနက်ရှိုင်းလာခဲ့ပါသည်။ ကျွန်ုပ်တို့အား ဤအရေးကြီးသော ဆွေးနွေးပွဲအတွက် စုစည်းတက်ရောက်ရန် အခွင့်အရေးပေးခဲ့သော တည်ခင်းဧည့်ခံသူ *Religions for Peace* Japan အဖွဲ့အား ကျွန်ုပ်တို့ အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ပထမနှင့် ဒုတိယ ဆွေးနွေးပွဲများမှ ရရှိသော အကြံဉာဏ်များကို အခြေခံ၍၊ ကျွန်ုပ်တို့သည် ရိုးသားပြီး ရည်ရွယ်ချက် ပြည့်စုံသော ဆွေးနွေးပွဲများကို ကျင်းပခဲ့ကြပါသည် — ဘာသာပေါင်းစုံ၏ ငြိမ်းချမ်းရေး၊ ကုစားမှုနှင့်၊ ပြန်လည်သင့်မြတ်ရေးအတွက် ရှိရင်းစွဲ အရင်းအမြစ်များအား ခိုင်မာစွာ ဖွံ့ဖြိုး၍ အသုံးချကာ ပဋိပက္ခများ ကျော်လွှားနိုင်ရေး နည်းလမ်းများကို ရှာဖွေရင်း ဆုတောင်းခြင်း၊ ဆင်ခြင်ခြင်း၊

ယုံကြည်မှု တည်ဆောက်ခြင်းနှင့် ပေါင်းသင်းဆက်ဆံမှုများကို တည်ဆောက်ခဲ့ကြပါသည်။ စစ်ပွဲနှင့် အကြမ်းဖက်မှု၏ ပြာပုံများအတွင်းမှ ကျွန်ုပ်တို့သည် အချင်းချင်း ဝမ်းနည်းမှုများကို ကျော်လွှားကာ မျှော်လင့်ချက်နှင့် ကရုဏာကို ပျိုးထောင်ရန် အခွင့်အရေး တစ်ခုကို ပြန်လည်ပေးအပ်ခဲ့ပါသည်။

ဘာသာပေါင်းစုံ၏ ကိုယ်စားပြု ဘာသာရေးခေါင်းဆောင်များအနေဖြင့်၊ ကျွန်ုပ်တို့ ပူးပေါင်း၍ အောက်ပါတို့ကို အတည်ပြုပါသည်-

- **ဘာသာရေးခေါင်းဆောင်များသည် အောက်ပါအချက်များကို လုပ်ဆောင်ရမည်-** ကမ္ဘာတစ်ဝန်းရှိ ဘာသာရေးခေါင်းဆောင်များသည် ယုံကြည်စိတ်ချရသော ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ သြဇာလွှမ်းမိုးသူများနှင့် လေးစားခံရသော လမ်းညွှန်သူများအဖြစ် ဆောင်ရွက်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အသင်းတော်များနှင့် ရပ်ရွာများကို ငြိမ်းချမ်းရေးနှင့် အကြမ်းမဖက်ခြင်းတို့ကို သင်ကြားရန်နှင့် စံနမူနာပြရန်မှာ သန့်ရှင်း၍ ပူးပေါင်းဆောင်ရွက်ရမည့် ဘုံတာဝန်အဖြစ် ကျွန်ုပ်တို့တွင် ရှိပါသည်။ ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေးနှင့် ဘုံသန့်ရှင်းသော သာယာဝပြောမှု၏ ပျိုးထောင်သူများ ဖြစ်ရပါမည်၊
- **ငြိမ်းချမ်းရေးသည် ဖြစ်နိုင်သည်-** ငြိမ်းချမ်းရေးသည် ကျွန်ုပ်တို့၏ ကွာခြားမှုများနှင့် စိန်ခေါ်မှုများကြားမှပင်၊ ကျွန်ုပ်တို့အားလုံး စိတ်အားထက်သန်စွာ အမြဲတမ်း ကြိုးပမ်းရမည့် အရာဖြစ်သည်။ ဤငြိမ်းချမ်းရေးအတွက် ကျွန်ုပ်တို့၏ မျှော်လင့်ချက်သည် သန့်ရှင်းခြင်းအပေါ် အခြေခံထားသော၊ ကျွန်ုပ်တို့၏ ဘုံကမ္ဘာ့အမြင်မှ လာပါသည်။ သန့်ရှင်းမှုကို အခြေခံသော တရားမျှတသည့် ငြိမ်းချမ်းရေးသည် ကရုဏာ၊ မေတ္တာနှင့်၊ ချစ်ခြင်းမေတ္တာ ဆိုသော သီလများကို အခြေခံကာ၊ ထက်မြက်သာလွန်မှုနှင့် လွှမ်းမိုးမှုမှ လုံးဝ ကင်းဝေးပါသည်၊
- **အသက်အားလုံးသည် သန့်ရှင်းသည်-** ကမ္ဘာ့ဘာသာတရား အားလုံးသည် လူ့အသက်နှင့် ဂုဏ်သိက္ခာကို သန့်ရှင်းသည်ဟု မှတ်ယူကြပြီး၊ ကျွန်ုပ်တို့၏ ကမ္ဘာဂြိုဟ်ကို ကာကွယ်ထိန်းသိမ်းခြင်းကို တန်ဖိုးထားပါသည်။ ထို့ကြောင့်၊ လူသားအားလုံးသည် အခြေခံ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များ ရရှိရန် အခွင့်အရေးရှိကြောင်း အသိအမှတ်ပြုကာ၊

လူသားများနှင့် ကမ္ဘာဂြိုဟ်အပါအဝင်၊ ဤကမ္ဘာတွင် ပါဝင်သော အရာအားလုံးကို၊ ကာကွယ်စောင့်ရှောက်ပြီး တန်ဖိုးထားရမည်ဖြစ်သည်။

- **ခွင့်လွှတ်ခြင်းသည် အသက်တမျှ အရေးကြီးသည်**- ကျွန်ုပ်တို့၏ သန့်ရှင်းသော အစဉ်အလာများမှ သိရှိရသည့်အတိုင်း၊ ခွင့်လွှတ်ခြင်းသည် ရိုးရှင်းသည်လည်း မဟုတ်၊ မြန်ဆန်သည်လည်း မဟုတ်ပါ။ သို့သော် အကြမ်းဖက်မှုကို အကြမ်းဖက်မှု သို့မဟုတ် မုန်းတီးမှုဖြင့် ဘယ်သောအခါမျှ အနိုင်ယူနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့အပေါ် အကြမ်းဖက်မှု ကျူးလွန်ခဲ့သူများအပေါ်ပင်၊ ခွင့်လွှတ်မှုနှင့် ပြန်လည်သင့်မြတ်မှုမရှိဘဲ၊ ရေရှည်တည်တံ့သော၊ အပြည့်အဝ ပြည့်စုံသော၊ ငြိမ်းချမ်းရေးကို ရရှိနိုင်မည်မဟုတ်ပါ။ ယင်းအတွက် သတ္တိရှိရန်နှင့် ယုံကြည်မှု လိုအပ်ပါသည်။ ဘာသာရေး ခေါင်းဆောင်များသည် ခွင့်လွှတ်ခြင်းနှင့် ကုစားခြင်း၏ တန်ဖိုးများကို သရုပ်ဖော်ပြသရမည်၊
- **အမျိုးသမီးများသည် ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် မရှိမဖြစ် လိုအပ်သည်**- ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အဆင့်တိုင်းတွင် အမျိုးသမီးများနှင့် ၎င်းတို့၏ ဉာဏ်ပညာ၏ ပံ့ပိုးမှုမရှိဘဲ စစ်မှန်သော ငြိမ်းချမ်းရေးသည် မဖြစ်နိုင်ပါ။ အမျိုးသမီးများကို စတင်ဖော်ဆောင်သူများ၊ မဟာဗျူဟာချမှတ်သူများနှင့် အကောင်အထည်ဖော်သူများအဖြစ် ငြိမ်းချမ်းရေး တည်ဆောက်ရေး စားပွဲသို့ ခေါ်ဆောင်လာရမည်ဖြစ်ပြီး၊ ၎င်းတို့၏ အသံများကို ကြားရုံသာမက၊ ရှာဖွေရမည်ဖြစ်သည်၊
- **ငြိမ်းချမ်းရေး ဖော်ဆောင်ခြင်းသည် အမြတ်အစွန်းအတွက် မဟုတ်**- ငြိမ်းချမ်းရေး သဘောတူညီချက်သည် ငွေကြေး အမြတ်အစွန်းအပေါ် မူတည်ပါက ၎င်းသည် စစ်မှန်သော ငြိမ်းချမ်းရေး မဟုတ်ပါ။ ပြန်လည်သင့်မြတ်ရေး သဘောတူညီချက်တွင် အမြတ်အစွန်း ရယူမှု ပါဝင်ပါက၊ ၎င်းသည် ပြန်လည်သင့်မြတ်ရေး မဟုတ်ပါ။ စစ်ပွဲကို စီးပွားရေးအတွက် အသုံးမပြုနိုင်သလို၊ ငြိမ်းချမ်းရေးတွင်လည်း အမြတ်အစွန်း ရှာဖွေ၍ မရနိုင်ပါ။

ဤသန့်ရှင်းသော အတည်ပြုချက်များကို စိတ်ထဲတွင် မှတ်သားထားကာ၊ ကျွန်ုပ်တို့အားလုံး ပူးပေါင်း၍ အောက်ပါတို့ကို တောင်းဆိုပါသည်-

- **ကမ္ဘာလုံးဆိုင်ရာ လက်နက်ဖျက်သိမ်းရေး**- နျူကလီးယား လက်နက်များ၊ သမားရိုးကျ လက်နက်များ၊ ဆိုက်ဘာ လက်နက်များနှင့်၊ ပြင်ဆင်ထားသော ပေါက်ကွဲစေတတ်သော ပစ္စည်းများ အပါအဝင် လက်နက်များသည် အကြမ်းဖက်မှုကို အားပေးကူညီ ထောက်ပံ့ပါသည်။ မြေမြှုပ်မိုင်းနှင့် ကလပ်စတာ ဗုံးများ အပါအဝင်၊ တားမြစ်ခံရပြီး၊ တရားမဝင် လက်နက်များကို ဆက်လက်အသုံးပြုနေခြင်းအတွက် ကျွန်ုပ်တို့ အလွန်ဒေါသထွက်မိပါသည်။ အသက်တာ၏ သန့်ရှင်းခြင်းနှင့် လူ့ဂုဏ်သိက္ခာကို ထိန်းသိမ်းကာကွယ်ပေးသော ငြိမ်းချမ်းသော နည်းလမ်းများဖြင့် အငြင်းပွားမှုများကို ဖြေရှင်းရန် ကျွန်ုပ်တို့၏ ပူးပေါင်းလုပ်ဆောင်ရမည့် တာဝန်ဝတ္တရားအဖြစ် ထိန်းသိမ်းဆောင်ရွက်သင့်သည်။ လူ့အသက်ကို ဖျက်ဆီးသော ကိရိယာများ ဖန်တီးရာတွင် အသုံးပြုသော အရင်းအမြစ်များကို အသက်ကို ဆက်စေသော ကိရိယာများအဖြစ် ပြောင်းလဲ အသုံးပြုရန် ကျွန်ုပ်တို့ တိုက်တွန်းရပါမည်။
- **လူသားချင်း စာနာထောက်ထားမှု အကူအညီ လမ်းကြောင်းများ ကာကွယ်ရေး**- လူသားချင်း စာနာထောက်ထားမှု အကူအညီသည် လူ့အသက်ကို ထိန်းချုပ်ရန် မရှိမဖြစ် လိုအပ်ပြီး ငြိမ်းချမ်းရေး ရရှိရန် လိုအပ်သော အစိတ်အပိုင်း တစ်ခုဖြစ်သည်။ အကူအညီ ပေးပို့သည့် လမ်းကြောင်းများ ပွင့်လင်းပြီး လက်လှမ်းမီရမည်၊ အကူအညီပေးသည့် ဝန်ထမ်းများကို ကာကွယ်ပေးပြီး လုပ်ကိုင်နိုင်ခွင့် ပေးရမည်၊ ထိုသို့ အကူအညီ ရှာဖွေသူများ ဘေးအန္တရာယ် မကျရောက်စေရ။ စစ်၏ လက်နက်အဖြစ် ငတ်မွတ်ခေါင်းပါးမှုကို အသုံးပြုခြင်းကို ရပ်တန့်ရမည် ဖြစ်ပြီး၊ စားနပ်ရိက္ခာ ဖူလုံမှုကို ဦးစားပေးရမည်ဖြစ်သည်။
- **နိုင်ငံတကာ ဥပဒေကို လေးစားလိုက်နာရန်**- ကုလသမဂ္ဂ အထွေထွေညီလာခံသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် ယုံကြည်မှုဆိုင်ရာ နှစ်အဖြစ် 2025 ခုနှစ်ကို သတ်မှတ်ခဲ့သည်။ ဤငြိမ်းချမ်းမှုနှင့် ယုံကြည်မှုကို မြှင့်တင်ရန်အတွက်၊ အစိုးရများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့်၊ ဘာသာရေး အဖွဲ့အစည်းများနှင့် ရပ်ရွာများသည် နိုင်ငံတကာမှ စိတ်ကူးထားသည့်အတိုင်း နိုင်ငံတကာ ဥပဒေများကို လေးစားလိုက်နာရမည် ဖြစ်သည်။
- **အခြားသူများကို ကြိုဆိုခြင်း**- အတင်းအကျပ် အိုးအိမ်စွန့်ခွာရသူ အရေအတွက်သည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း နှစ်ဆနီးပါး တိုးလာခဲ့သည်။ လက်ရှိ ရွှေ့ပြောင်းနေထိုင်ရသူ 123

သန်းကျော် ရှိသဖြင့်၊ ဒုက္ခသည်များကို စောင့်ရှောက်ပေးရန် လိုအပ်ချက်သည် ယခင်ကထက် ပိုမို အရေးကြီးလာသည်။ ကျွန်ုပ်တို့၏ သန့်ရှင်းသော ကျမ်းဂန်များက ကျွန်ုပ်တို့ကြားရှိ အားအနည်းဆုံးသူများကို လေးစားကာကွယ်ရမည်ဟု သွန်သင်ထားသည်။ ထို့ကြောင့်၊ ဒုက္ခသည်များနှင့် အိုးအိမ်စွန့်ခွာပြီး ထွက်ပြေးရသော နိုင်ငံမဲ့သူများကို ကြိုဆိုကာကွယ်ရမည်။ ကလေးဘဝ၊ ကျန်းမာရေးနှင့်၊ ပညာရေးကို ရွှေ့ပြောင်းနေထိုင်မှုနှင့် အကြမ်းဖက်မှု၏ စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရသော ကလေးသူငယ်များအပေါ်၊ ကျွန်ုပ်တို့ အထူးအာရုံစိုက်ခဲ့ကြသည်၊

- **ဘုရားရှိခိုးကျောင်းများကို ကာကွယ်ခြင်း**- သန့်ရှင်းရာ ဝတ်ပြုနေရာများနှင့် ဘုရားရှိခိုးကျောင်းများသည် ဘာသာရေး အသိုင်းအဝိုင်းများ၏ အသက်သွေးကြောဖြစ်ပြီး ဘာသာရေးနှင့် ယုံကြည်မှု လွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်ရာတွင် အဓိကကျသည်။ ၎င်းတို့ကို ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်းသည် လူသားမျိုးနွယ်ကို ဖျက်ဆီးခြင်းနှင့် တူညီပြီး ရပ်တန့်ရမည်ဖြစ်သည်။ ဒုတိယအကြိမ် တိုကျို ငြိမ်းချမ်းရေး စကားဝိုင်းအတွင်း၊ ၎င်းတို့အား ကာကွယ်ရန် ကျွန်ုပ်တို့ တောင်းဆိုခဲ့ပါသည်။ သို့သော်၊ ၎င်းတို့အပေါ် စော်ကားမှုများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်ရာ၊ ဤကြေညာချက်သည် ယခင်ကထက် ပိုမိုအရေးကြီးလာပါသည်၊
- **ရေရှည် ဘာသာ-ပေါင်းစုံနှင့် ကဏ္ဍ-ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု**- ဘာသာရေးနှင့် ယုံကြည်ခြင်း ခေါင်းဆောင်များသည် ငြိမ်းချမ်းရေး ရရှိရန်အတွက် မဖြစ်မနေ ပါဝင်ရမည့် အဓိကလူများ ဖြစ်ကြသည်—၎င်းတို့သည် ငြိမ်းချမ်းရေး၏ မရှိမဖြစ် လိုအပ်သော မိတ်ဖက်များနှင့် ပူးတွဲ-ပိုင်ဆိုင်သူများ ဖြစ်ပါသည်။ ဘာသာစုံ၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုနှင့်၊ မျိုးဆက်ပေါင်းစုံ ဆွေးနွေးမှုတို့၏ စစ်မှန်သော အလားအလာကို အကောင်အထည်ဖော်လိုပါက၊ ကျွန်ုပ်တို့၏ ဘုံအနာဂတ်ကို တည်ဆောက်ရန်အတွက် လူတိုင်းကို နေရာပေးရမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ဤပထမဆုံး စကားဝိုင်းသုံးခုမှ ပေါ်ထွက်လာသော ရေရှည် လုပ်ငန်းစဉ် အစီအစဉ်ဖြစ်သည့်၊ တိုကျို ငြိမ်းချမ်းရေး ပူးတွဲလုပ်ငန်းစဉ်ကို ဆက်လက် ဆောင်ရွက်သွားပါမည်။

ကျွန်ုပ်တို့၏ ဘာသာ-ပေါင်းစုံ ငြိမ်းချမ်းရေး ရှုပါရုံကို အကောင်အထည်ဖော်ရာတွင်၊ ချက်ချင်းနှင့် ရေရှည် ပူးပေါင်းဆောင်ရွက်ရမည့် အောက်ပါ လုပ်ဆောင်ချက်များကို ကျွန်ုပ်တို့ ကတိပြုပါသည်-

**ချက်ချင်း**

- **အငြင်းပွားမှုမရှိသော အပြီးပိုင် အပစ်အခတ်ရပ်စဲရေး တောင်းဆိုခြင်း**- ဘာသာရေး ခေါင်းဆောင်များသည် ၎င်းတို့၏ သက်ဆိုင်ရာ အဖွဲ့အစည်းများကို ကိုယ်စားပြု၍ ရုရှားနှင့် ယူကရိန်း နှင့် အခြားသော စစ်ပွဲဖြစ်ပွားနေသည့် နေရာများအားလုံးတွင် ချက်ချင်း၊ အငြင်းပွားမှုမရှိ၊ အကန့်အသတ်မရှိ အပစ်အခတ် ရပ်စဲရန် ပူးပေါင်း တောင်းဆိုလိုက်ပါသည်။
- **အစ္စရေးနှင့် ပါလက်စတိုင်း ခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေးရန် စီစဉ်ခြင်း**- တတိယ တိုကျို ငြိမ်းချမ်းရေး စားပွဲဝိုင်းသို့ တက်ရောက်ရန် စီစဉ်ထားသော်လည်း၊ အစ္စရေးနှင့် ပါလက်စတိုင်းမှ ဘာသာရေး ခေါင်းဆောင်များသည် ပဋိပက္ခများ တိုးလာခြင်းနှင့် ဒေသတွင်း လေကြောင်းပိတ်ဆို့မှုများကြောင့် ကိုယ်တိုင် ပါဝင်နိုင်ခြင်း မရှိခဲ့ပါ။ ၎င်းတို့မပါဝင်နိုင်ခြင်းက တိုကျို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အရေးပါမှုနှင့် အမြန်လိုအပ်မှုကို အလေးပေး ဖော်ပြနေပါသည်။ ယခုနှစ်နှောင်းပိုင်းတွင် အစ္စရေးနှင့် ပါလက်စတိုင်းမှ ခေါင်းဆောင်များကို သီးခြားစီ တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ရာ၊ ပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်နိုင်ရန်နှင့် ပူးတွဲလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်နိုင်ရန်အတွက် စည်းရုံးဆောင်ရွက်သွားမည်ဖြစ်သည်၊
- **ဘာသာပေါင်းစုံ လူငယ်ငြိမ်းချမ်းရေး ဖလှယ်မှု ကျင်းပခြင်း**- ငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် လူငယ်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန် လိုအပ်သည်ကို အသိအမှတ်ပြု၍၊ သက်ရောက်မှု ခံစားနေရသော နေရာများမှ လူငယ်များအတွက် ဘာသာပေါင်းစုံ လူငယ်ငြိမ်းချမ်းရေး ဖလှယ်ပွဲကို အကောင်အထည်ဖော် ကျင်းပသွားမည်ဖြစ်သည်။ ဤဖလှယ်ပွဲသည် အနာဂတ်မျိုးဆက်သစ် ငြိမ်းချမ်းရေး တည်ဆောက်သူများကို ကျွမ်းကျင်မှုများ၊ ကွန်ရက်များနှင့်၊ အခြေခံအဆင့် ပြန်လည်သင့်မြတ်ရေးကို မြှင့်တင်ရန် ရည်မှန်းချက်များဖြင့် မျိုးစေ့ချပေးသွားမည် ဖြစ်သည်။ လူငယ်များသည် တိုကျို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အရေးပါသော အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး၊ အနာဂတ် စားပွဲဝိုင်းများတွင် ပါဝင်ခွင့်ရရှိမည်ဖြစ်သည်။

- **လူသားချင်း စာနာထောက်ထားမှု အကူအညီအတွက် ထောက်ခံပြောဆိုခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်း**- ကျွန်ုပ်တို့၏ အစိုးရများ၊ အရပ်ဘက် အဖွဲ့အစည်းများ နှင့်၊ နိုင်ငံတကာ ယန္တရားများထံ ကျွန်ုပ်တို့၏ အသိုင်းအဝန်းများတွင် လူသားချင်း စာနာထောက်ထားမှု အကူအညီကို ဦးစားပေးရန် အရေးတကြီး လိုအပ်ကြောင်း ပြောပြသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း၊ ကျွန်ုပ်တို့၏ အသိုင်းအဝန်းများတွင် ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ပြီး ကျွန်ုပ်တို့၏ ဘုရားကျောင်းများ၊ ဗလီကျောင်းများ၊ ဘုန်းကြီးကျောင်းများနှင့် ပူးပေါင်း၍ အကြမ်းဖက်မှု၏ ဒဏ်ကို ခံစားနေရသူများအား လူသားချင်း စာနာထောက်ထားမှု အကူအညီများနှင့် ခိုလှုံရာများ ပံ့ပိုးမှုကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ သန့်ရှင်းရာဝတ်ပြုနေရာများကို လိုအပ်သူများအတွက် ခိုလှုံရာများ ဖြစ်စေမည်ဖြစ်ပြီး၊ အကူအညီပေးနိုင်ရန် ကျွန်ုပ်တို့၏ ကွန်ရက်များကို စည်းရုံးဆောင်ရွက်သွားမည်ဖြစ်သည်။ ကလေးများ၏ ဘဝဆိုးနေမှုအတွက် သီးခြား တုံ့ပြန်မှုများ လိုအပ်ပါသည်။

## ရေရှည်

- **စောင့်ကြည့်ခြင်းနှင့် တုံ့ပြန်ခြင်း**- ကျွန်ုပ်တို့သည် ပဋိပက္ခ ခွဲခြမ်းစိတ်ဖြာခြင်းကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ပြီး၊ ကွင်းဆင်းဖွံ့ဖြိုးတိုးတက်မှုများကို စောင့်ကြည့်ကာ၊ ကျွန်ုပ်တို့၏ တုံ့ပြန်မှုများတွင် ခြေအနေအလိုက် ပြောင်းလဲနိုင်မည်ဖြစ်သည်။ လုပ်ဆောင်ခဲ့သော လုပ်ဆောင်ချက်များမှ သင်ယူနိုင်ရန် တစ်ဦးနှင့်တစ်ဦး ပုံမှန်ဆက်သွယ်သွားကြမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ စုပေါင်းဗဟုသုတနှင့် ထိုးထွင်းမြင်သာသော အမြင်များကို အခြေခံ၍၊ မှားယွင်းသော သတင်းအချက်အလက်များနှင့် လွဲမှားစွာ ဖော်ပြမှုများကို တိုက်ဖျက်ရန်၊ အမှန်တရားကို ထိန်းသိမ်းရန်နှင့် ကျွန်ုပ်တို့၏ ဘာသာရေးခေါင်းဆောင်များနှင့် အဖွဲ့အစည်းများအပေါ် ယုံကြည်မှုကို တည်ဆောက်ရန်၊ ကျွန်ုပ်တို့၏ အသိုင်းအဝန်းများနှင့် အခြားဒေသများတွင် နဂိုမူလ မီဒီယာလောကကို ပြန်လည် ပုံဖော်ရန် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- **ခွင့်လွှတ်ခြင်းကို မြှင့်တင်ခြင်း**- ခွင့်လွှတ်ခြင်းကို အားနည်းမှု မဟုတ်ဘဲ ရဲစွမ်းသတ္တိရှိသော လုပ်ရပ်အဖြစ် မြှင့်တင်သွားမည်ဖြစ်သည်။ ယူကရိန်း-ရုရှား၊ အရှေ့အလယ်ပိုင်းနှင့်၊

မြန်မာနိုင်ငံတို့ရှိ ပဋိပက္ခဒေသများတွင် ဘာသာရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ခွင့်လွှတ်ခြင်းနှင့် ပြန်လည်သင့်မြတ်ခြင်းကို ငြိမ်းချမ်းရေးအတွက် ကိရိယာများအဖြစ် အသက်ဝင်စေကာ စွမ်းဆောင်ရည်ကို တည်ဆောက်သွားမည်ဖြစ်သည်။

- **အမျိုးသားအဆင့် ဆွေးနွေးပွဲများ ဖော်ဆောင်ခြင်း**- ကျွန်ုပ်တို့၏ စုပေါင်းဗဟုသုတနှင့် သြဇာလွှမ်းမိုးမှုကို အသုံးပြု၍၊ အချင်းချင်း အငြင်းပွားမှုများနှင့် ပြည်တွင်းစစ် ဖြစ်ပွားနေသော နိုင်ငံများတွင် ငြိမ်းချမ်းရေး တည်ဆောက်ရေး လုပ်ငန်းစဉ်များအဖြစ် အမျိုးသားအဆင့် ဆွေးနွေးမှုများအတွက် နေရာများ ဖန်တီးပေးကာ၊ စွမ်းဆောင်ရည် မြှင့်တင်သွားမည်ဖြစ်သည်။
- **ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း**- ဘာသာရေး အဖွဲ့အစည်းများ၊ အစိုးရများနှင့်၊ အရပ်ဘက် အဖွဲ့အစည်းများအပါအဝင်၊ ယုံကြည်မှု-အခြေပြု အဖွဲ့အစည်းများမှ ကဏ္ဍစုံ ပါဝင်သူများ၏ ကျယ်ပြန့်ပြီး ကွဲပြားသော ကွန်ရက်ကို ထူထောင်ရန် ကြိုးပမ်းသွားမည်ဖြစ်သည်။ ဤအမြဲတမ်း-တိုးချဲ့နေသော ကွန်ရက်ကို ရေရှည်တည်တံ့သော၊ အပြုသဘောဆောင်သည့် ငြိမ်းချမ်းရေးကို မြှင့်တင်ရန်အတွက် ပူးတွဲလုပ်ဆောင်မှုများနှင့် လုပ်ဆောင်ချက်များတွင် ပါဝင်ဆောင်ရွက်စေမည်ဖြစ်သည်။

ဘာသာရေး ခေါင်းဆောင်များအနေဖြင့်၊ ဆက်လက်ဖြစ်ပွားနေသော စစ်ပွဲနှင့် အကြမ်းဖက်မှုတို့၏ ဝန်ထုပ်ဝန်ပိုးများကို ထမ်းပိုးနေရသူများအားလုံး၊ အထူးသဖြင့် ကျွန်ုပ်တို့အထဲမှ အလိုအပ်ဆုံးနေရာတွင် ရှိနေသူများအား ကျွန်ုပ်တို့၏ စိတ်ရင်းမှန်ဖြင့် ဆုတောင်းမေတ္တာပို့သပြီး အခိုင်အမာစည်းလုံးညီညွတ်မှုကို ပြသပါသည်။ ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များသည် အနာဂတ်ကို ကြိုတင်တွေးတောကာ၊ ကလေးများ ဗဟိုပြုသည့် ငြိမ်းချမ်းသော ကမ္ဘာကြီးကို တည်ဆောက်ရမည်ဖြစ်သည်ကို ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့သည် ဘဝ၏ သန့်ရှင်းမှု၊ လူ့ဂုဏ်သိက္ခာနှင့်၊ ဘုံသန့်ရှင်းသော သာယာဝပြောမှုကို ရှာဖွေခြင်းတို့အပေါ် အခြေခံသော ငြိမ်းချမ်းရေး ယဉ်ကျေးမှု တည်ဆောက်ရန် ဆုတောင်းခြင်းနှင့် တိုက်ရိုက် လုပ်ဆောင်မှုများတွင် ဘာသာပေါင်းစုံ ပေါင်းစည်းဆောင်ရွက်ရန် ကျွန်ုပ်တို့၏ ကတိကို ထပ်မံ အတည်ပြုပါသည်။